နားလုံကျေးရွာ

နားလုံကျေးရွာအုပ်စု၊ မိုးမောက်မြို့နယ်

ကချင်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဂါးရာယန်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိုးမောက်မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

**မာတိကာ**

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

**(င) ပညာရေး**

**(စ) ကျန်းမာရေး**

**(ဆ) ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**


**(ဇ) ကျား – မ ရေးရာ**

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ


နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား


နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ




နားလုံကျေးရွာ သယံဇာတမြေပုံ




**နားလုံကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်**




**နားလုံကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှု ပုံစံ**

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

နားလုံကျေးရွာသည် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင် ၊ မိုးမောက်မြို့နယ် နားလုံကျေးရွာအုပ်စု၊ ဒွေ့ဖုန်းယန်မြို့နယ်ခွဲမှ (၉)မိုင်ခန့် အကွာတွင်တည်ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် တောင်ယာစိုက်ခင်းနှင့် ရိုးလယ် အနည်းငယ်မျှရှိပါသည်။ တောင်တန်းများစီတန်းပြီး မိုးလဲချောင်းကြီးလည်း စီးဆင်းနေပါသည်။ ရွာ၏ အနောက်ဘက်တွင် ဗန်းမော်– မြစ်ကြီးနားကားလမ်းမကြီးရှိပြီး တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၇၅)ခန့် ရရှိသည်။ သဘာဝပေါက်ပင်များမှာ ဝါး၊ ညောင်ပင်၊ မယ်ဇလီ၊ သဖန်း၊ ကညင်ပင်၊ဆင်တုံးမနွယ်၊ ကြောင်လျှာ၊ နန္ဒင်းဝါ၊ ကျွန်း၊ တမာပင်များရှိသော်လည်း ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ထိရောက်စွာ အသုံးမပြုနိုင်ကြပါ။ မိုးစပါးစိုက်ပျိုးနိုင်သောလယ်(၆၂.၅)ကေ၊ သခွား၊ ငရုတ်၊ပြောင်းဖူးနှင့် ဆောင်သီးနှံ စိုက်ပျိုးနိုင် မြေ(၁၅.၅)ကေ ရှိသည်။

## ၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

နားလုံကျေးရွာတွင် ရာအိမ်မှူးနှင့်ဆယ်အိမ်ခေါင်းများပါဝင်သာအုပ်ချုပ်ရေးအဖွဲ့(၁)ဖွဲ့၊ ကျေးရွာတွင်းရှိ လူမျိုး၊ ဘာသာများအားလုံးပါဝင်ကာ မိမိတို့ကိုယ်တိုင် ရွေးချယ်တင်မြှောက်ထားသောကျေးရွာဖွံ့ဖြိုးရေး ကော်မတီ(၁) ဖွဲ့ နှင့် အခြားအဖွဲ့များဖြစ်သော အဖွဲ့ (၁၃) ဖွဲ့ရှိပါသည်–

| | |
|---|---|
| (၁)အုပ်ချုပ်ရေးမှူးအဖွဲ့ | (၁) ဖွဲ့ |
| (၂) အပျိုလူပျိုအဖွဲ့ | (၁) ဖွဲ့ |
| (၃) ဘုန်းကြီးကျောင်းဂေါပကအဖွဲ့ | (၁) ဖွဲ့ |
| (၄) ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ | (၁) ဖွဲ့ |
| (၅) ရေစောင့်ရှောက်ရေးအဖွဲ့ | (၁) ဖွဲ့ |
| (၆) ကျောင်းကော်မတီအဖွဲ့ | (၁) ဖွဲ့ |
| (၇) ရပ်မိရပ်ဖအဖွဲ့ | (၁) ဖွဲ့ |
| (၈) မယ်ခိန်အဖွဲ့ | (၁) ဖွဲ့ |
| (၉) ပေါ်ခိန်အဖွဲ့ | (၁) ဖွဲ့ |
| (၁၀)မိုးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ | (၁) ဖွဲ့ |
| (၁၁) မြစိမ်းရောင်အဖွဲ့ | (၁) ဖွဲ့ |
| (၁၂) ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ | (၁)ဖွဲ့ |
| (၁၃)Grip Handds Organizationအဖွဲ့ | (၁)ဖွဲ့ |

၎င်းအဖွဲ့များကို သုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့ကိုယ်တိုင် လိုအပ်ချက်အရ လူထုကသဘောတူ ရွေးချယ်ထားသောအဖွဲ့များဖြစ်ပါသည်။ အဖွဲ့တိုင်းသည်လည်းတာဝန်ယူမှု တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်းအပြန်အလှန် ယုံကြည်မှုရှိကြပါသည်။ ကျေးရွာအုပ်ချုပ်ရေးလုပ်ငန်းပိုင်းကို ရာအိမ်မှူးနှင့် ဆယ်အိမ်ခေါင်းများက အဓိကတာဝန်ယူဆောင်ရွက်ကြပြီး ပြင်ပမှဝင်လာသော ဖွံ့ဖြိုးရေး

လုပ်ငန်းများကို နာယကများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများမှ အဓိကတာဝန်ယူဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ နာယကများမှာကျေးရွာတွင် သာရေးနာရေးကိစ္စများဖြစ်ပါက ရာအိမ်မှူး(ဥက္ကဌ) ၏ ဦးဆောင် မှုအောက်တွင် ရွာသူ/သားများအားလုံး တာဝန်ယူဆောင်ရွက်ကြပါသည်။ ကျေးရွာရှိအဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ကာ ကျေးရွာ၏ လုပ်ငန်းတာဝန်များကို ဝိုင်းဝန်း လုပ်ဆောင်ကြပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။မိုးရာသီတွင် နှစ်စဉ် မိုးစပါးစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး၊ ပြောင်းဖူးနှင့် ဆောင်းသီးနှံများ အနည်းငယ်စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် လယ်(၄၄.၂၀)ကေ၊ တောင်ယာမြေ (၂၇)ကေရှိပါသည်။ လယ်ယာမြေမှာ မြေဆီလွှာအရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။ လယ်များမှာမိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးရပါသည်။ စပါးတစ်ဧက အနည်းဆုံး (၆၀) တင်းမှအများဆုံး(၈၀)တင်းရရှိပြီး ပျှမ်းမျှတစ်ဧက (၇၀)တင်းနှုန်းထွက်ပါသည်။ မိုးစပါးကို ဇွန်လတွင်ပျိုးထောင်ပြီး ဇူလိုင်လတွင် ပျိုးနုတ် စိုက်ပျိုးကြပါသည်။ နိုဝင်ဘာလတွင်ပြန်လည်ရိတ်သိမ်းကြပါသည်။ ပြောင်းဖူးကို မေ၊ ဇွန်တွင်စိုက်ပျိုး ပြီးနိုဝင်ဘာ၊ဒီဇင်ဘာလများတွင် ရိတ်သိမ်းကြပါသည်။ တစ်ဧက အနည်းဆုံး (၅၀)တင်းမှ အများဆုံး(၇၀) တင်းနှုန်းထွက်ပြီး ပျှမ်းမျှတစ်ဧက (၆၀)တင်းနှုန်းထွက်ပါသည်။ သို့သော် ကျေးရွာမှ ရင်းနှီးမတည်မှု အားနည်းသဖြင့် တနိုင်တပိုင်သာစိုက်ပျိုးနိုင်ကြပါသည်။

စပါးနှင့်ဟင်းသီးဟင်းရွက်များကိုစီးပွားဖြစ်စိုက်ပျိုးလေ့မရှိပါ။အိမ်စားသုံးရန်အတွက်လောက် သာစိုက်ပျိုးလေ့ရှိကြသည်။ စပါး၊ဟင်းသီးဟင်းရွက်စသည်တို့အတွက် ဈေးကောင်းမရသောကြောင့် လယ်သမားများအကျိုးအမြတ်ရရှိမှုနည်းပါသည်။ မိရိုးဖလာစိုက်ပျိုးလာသော ဖော်ပြပါသီးနှံများကိုသာ စိုက်ပျိုးနိုင်ကြပြီးအခြားဈေးကွက်ဝင်သီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ သီးနှံထုတ်လုပ်မှုမှာ ဝင်ငွေ နည်းသည့်အတွက် လူငယ်များသည်ပြင်ပသို့ထွက်၍ ဝင်ငွေရှာထွက်ကြပါသည်။ ယင်းအကျိုးဆက် အနေဖြင့်သီးနှံထုတ်လုပ်မှုတွင် လုပ်သားရှားပါးခြင်း ဝင်ငွေနည်းသည့်အတွက် မိသားစုခက်ခဲမှုများပြား လာပါသည်။

ကျေးရွာတွင် မြေယာမဲ့ ၅၆ အိမ်၊ ဆင်းရဲသားတောင်သူ ၃၉ အိမ်၊ တောင်သူငယ်၊ တောင်သူလတ်နှင့်တောင်သူကြီးများမရှိပါ။ ကျေးရွာတွင်အိမ်မွေးတိရိစ္ဆာန်များကိုအိမ်တိုင်းနီးပါးမွေးမြူ ကြသော်လည်း စီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။ နားလုံကျေးရွာတွင် ကျွဲ (၅၁) ကောင်၊ နွား(၉၃)ကောင်၊ ဝက်(၂၂၉) ကောင်၊ ကြက်(၉၀၀)၊ ဘဲ(၃၇)နှင့် ငါးကန်များတွင် စားသုံးနိုင်ရန် ငါးများလည်း မွေးမြူကြပါသည်။

## (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် သောက်ရေတွင်း(၄၀) တွင်း၊ အဝီစိတွင်း ၁ တွင်း၊ ကျန်အိမ်ထောင်များမှာ စိမ့်စမ်းရေသာအသုံးပြုကြပါသည်။ ရေ၏အရည်အသွေးကောင်းမကောင်းကို စစ်ဆေးထားခြင်းမရှိပါ။ ရွာတွင်းရှိရေအရည်အသွေးသိရှိရန် စစ်ဆေးပေးစေလိုပါသည်။

ကျေးရွာတွင် အထက်တန်းကျောင်းအဆင့်ထိရှိပြီး ကျောင်းသားဦးရေမှာ၂၈၉ဦးရှိသည်။ ရွာ၏လမ်းများမှာ မြေသားလမ်း၊ ကျောက်ခင်းလမ်းနှင့် ကွန်ကရစ်လမ်း ပေ ၅၀၀ ခန့်သာရှိပါသည်။ မြေသားလမ်းမှာ ပေ ၈၀၀၀ ကျော်ရှိပြီး နွေနှင့်ဆောင်းများ တွင် သွားလာရ အသင့်အတင့် ရှိပြီး မိုးတွင်းအခါတွင် ရွှံ့ဗွက်ဖြစ်သဖြင့် သွားလာရခက်ခဲပါသည်။

ကျေးရွာတွင် အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ငှက်ဖျားရောဂါများဖြစ်သည်။ ၂၀၂၁ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလများတွင် COVIT–19 ရောဂါတစ်ရွာလုံးနီးပါး ခံခဲ့ရပါသည်။ရောဂါဖြစ်ပါက ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိပါသောကြောင့် မိမိအစီအစဉ်ဖြင့် ကုသခြင်း မံစီမြို့ဆေးရုံဆေးခန်းသို့ သွားရောက်ကုသရပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ၊အမျိုးသမီးရေးရာအဖွဲ့ ၊ မိခင်နှင့်ကလေးစောင့်ရှောက်အဖွဲ့များ၏ ကျန်းမာရေးပညာရေး ဟောပြောမှုများကြောင့် ယခင်အိမ်သာမရှိသောအိမ်များပင် ယင်လုံအိမ်သာ(ရေလောင်းအိမ်သာ)များအသုံးပြုနေကြပြီး ကျေးရွာတွင် အိမ်သာမရှိမှာ တစ်အိမ်ထောင်သာရှိပါသည်။

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲ သူ အိမ်ထောင်စု ၁၂၆၊ ဆိုလာစနစ်သုံးစွဲသူ ၈၄ အိမ်ထောင်စုနှင့် လျှပ်စစ်မီးအသုံးအပြုနိုင်သော အိမ်ထောင်စု ( ၂၈၉ )စုရှိပါသည်။ ဆိုလာစနစ်သုံးစွဲသူများမှာ ရာသီဥတုမကောင်းပါက အားမပြည့်ပါ။ စာကြည့်မီးအတွက်သာသုံးရပြီး ကျန်အိမ်သုံးလျှပ်စစ်ပစ္စည်းများအသုံးပြုမရနိုင်သောကြောင့် အခက်အခဲများ ရှိသည်။

ကျေးရွာ နှင့်အနီးဆုံးဈေးမှာ မံစီဈေးဖြစ်ပြီး ၁၀မိုင်ခန့် ဝေးသည်။ ကျေးရွာမှထွက်သော စပါး၊ ပဲပြောင်းစသော ကုန်စည်များများရောင်းမည်ဆိုပါက ကျေးရွာမှ မိုင်(၂၀)ကျော်ခန့် ကွာဝေးသော ဇန်းမောဈေးသို့ ကား၊ ထော်လာဂျီများကိုငှား၍ သွားရောင်းရပါသည်။ ရောင်းချမည့် ကုန်စည်များ ပို့ဆောင်ရာတွင် လမ်းပမ်းဆက်သွယ်မှု မကောင်းခြင်းကြောင့် တန်ဆာခ နှင့်ငှားရမ်းခမှာ များစွာပေးရသည်။ထို့ ကြောင့် ဈေးကွက်သို့ ချောမွေ့စွာ ရောက်ရှိနိုင်ရန်အတွက် လမ်းကောင်းရန်လိုအပ်ခြင်းနှင့် ကျေးရွာနှင့် သိပ်မဝေးသောနေရာ၌ ဈေးကွက်တစ်ခုရှိထားနိုင်ရန်လိုအပ်ပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

မြစိမ်းရောင်ချေးငွေမှာ အတိုးနှုန်းသက်သာသည်။ အပေါင်ခံမလိုသော်လည်း ကာလတို ချေးငွေ ဖြစ်ပြီး ချေးငွေ လုံလောက်မှုမရှိသေးပါ။ ထို့ကြောင့် တောင်သူများနှင့် သင့်လျော်သော အတိုးနှုန်း သက်သာသည့် နှစ်ရှည်ချေးငွေပံ့ပိုးပေးရန် တင်ပြကြသည်။

## (င) ပညာရေး

ကျေးရွာတွင် အထထက်တန်းကျောင်းသားဦးရေမှာ ၂၈၉ ရှိသည်။ကျောင်းသုံးစားပွဲ၊ကုလားထိုင်များ လုံလောက်မှုမရှိသေးသဖြင့်ရပ်ရွာကျောင်းကော်မတီများ၊မိဘဆရာအသင်းများမှကူညီပံ့ပိုးထားရှိသည်။ ကျောင်းအိမ်သာအခြေအနေ အသင့်အတင့် ကောင်းမွန်သော်လည်း လုံလောက်မှုမရှိပါ။

တပည့်ဆရာအချိုးမှာ ၄၀: ၁ အောက်ရှိသောကြောင့် ဆရာ/ဆရာမ လုံလောက်မှုရှိသည်။ မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ်မရှိပါ။ကျောင်းသုံးစာအုပ်နှင့် စာရေးကရိယာလုံလောက်မှုရှိသည်။ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှုမှာ အသင့်အတင့်ရှိသည်။ကျောင်းတွင် အားကစားကွင်းရှိသော်လည်း အားကစားပစ္စည်းလုံလောက်မှု မရှိပါ။မိဘဆရာအသင်း၏ အခန်းကဏ္ဍအသင့်အတင့်သာကောင်းသည်။

အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာ နိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

### (စ) ကျန်းမာရေး

အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါးမှု နိမ့်သည်။ ဆင်းရဲသားများမှာ ခြင်ထောင်မသုံးစွဲနိုင်ခြင်း၊ ရေဝပ်ခြင်းနှင့် ခြုံပုတ်များရှိပြီး ခြင်ပေါသဖြင့် သွေးလွန်တုတ်ကွေး အဖြစ် များသည်။ ငှက်ဖျားရှိသော်လည်း ဖြစ်ပွါးမှုနိမ့်သည်။ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါနှင့် လိင်မှ တဆင့် ကူးစက်နိုင်သော ရောဂါ၊ တီဘီရောဂါနှင့် အဟာရ ချို့တဲ့မှုရောဂါများ ဖြစ်ပွါးမှုနိမ့်သည်။ ဟင်း ချိုမှုန့် အလွန်အကျွံသုံးခြင်း၊ ဓါတုဆေးဝါးပါသော အသားငါး၊ ဟင်းသီး/ရွက်နှင့် အသီးများ၊ အရောင် ချွတ်ဆေးပါသော အစားအစာများကို နေ့စဉ် မလွဲမရှောင်သာ စားသောက်နေရခြင်း၊ ကျန်းမာရေးလေ့ ကျင်းခန်းပြုလုပ်သည့် အလေ့အထမရှိခြင်းတို့ကြောင့် ဆီးချို၊ သွေးတိုး ရောဂါမှာ အဆိုးဆုံးဖြစ်ပွါးပြီး ကျန်းမာရေးဆေးကုသစရိတ် ကုန်ကျမှုများကြသည်။ အသည်းရောင်ရောဂါ (ဘီ၊စီ) မှာလည်း အသက် ရှူလမ်းကြောင်းမှတဆင့် ကူးစက်ခြင်းနှင့် လူအသုံးအဆောင်များကို ရောဂါရှိသူများနှင့် အတူသုံးစွဲရာ မှတဆင့် အလွယ်တကူ ကူးစက်နိုင်သော ကြောင့် အသည်းရောင်ရောဂါ (ဘီ၊စီ) အဖြစ်များသည်။ ကျေး ရွာတွင် အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ ကျန်းမာရေးဗဟုသုတလည်း အားနည်းသည်။ ထို့ ကြောင့် ကျေးရွာကျန်းမာရေးအနေဖြင့် ကျန်းမာရေးပညာပေးသင်တန်း၊ ကျန်းမာရေးလေ့ကျင့်ခန်းသုံး ကရိယာများ လိုအပ်လျက်ရှိပြီး ကျေးရွာတွင် ကာကွယ်ဆေးများကို ပုံမှန်ထိုးပေးလေ့ရှိသည်။

### (ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီသြဇာ အခြေအနေတွင် ရွှေ့ ပြောင်းတောင်ယာစိုက်ပျိုးသည့် အလေ့အကျင့်ကြောင့် မြေဆီလွှာတိုက်စားခြင်းနှင့် မြေဆီသြဇာ လျော့ နည်းလာပြီး အန္တရာယ်ရှိမှုမြင့်သည်။ လူအသုံးဝင်သော အပင်မျိုးစိတ်များ (ဝါး၊ သစ်၊ ဆေးဖက် ဝင် အပင်များ၊ သစ်ခွများ စသည်) မှာလည်း စည်းကမ်းမဲ့ထုတ်ယူသုံးစွဲခြင်းနှင့် ထိန်းသိမ်းမှု အားနည်း ခြင်းတို့ကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ရာသီဥတုဖေါက်ပြန်ခြင်းနှင့် ဓါတုဆေးဝါများကို စနစ်တကျသုံးစွဲခြင်းမရှိသောကြောင့် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှု တွင်လည်း အန္တရာယ်ရှိမှု မြင့်သည်။ သစ်တောပြုန်းတီးမှုကြောင့် ရေထွက်နှင့် ရေအရင်းအမြစ်များ ခမ်းခြောက်လာသဖြင့် ရေအ ရင်းအမြစ်များ အန္တရာယ်ရှိမှု လတ်ဖြစ်သည်။ ဘက်ထရီဖြင့် ရှော့တိုက်ခြင်း၊ ပိုးသတ်ဆေးဘူး ခွံများကို လယ်များ၊ ချောင်းများတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ငါးမျိုးကွဲများ ပြုန်းတီးလာကြပြီး အန္တရာယ် ရှိမှု မြင့်သည်။ စည်းကမ်းကဲ့ မဆိုးလိုက်ခြင်းနှင့် ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် အခြားတောရိုင်း တိရိစ္ဆာန်များမှာလည်း ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ဂျီ၊ တောဝက်၊ တောကြောင် အနည်းငယ် သာရှိပြီး ရှားပါးလာသည်။ မိုးရာသီတွင် မိုးရက်ဆက်ရွာသွန်းလျှင် စပါးခင်းများ ရေနှစ်မြုပ်ခံရသောကြောင့် အချို့ တောင်သူ များ၏ စပါးခင်းများရေနစ် ပျက်စီး၍ နောက်တကြိမ် ပြန်လည်စိုက်ပျိုးရခြင်းများ ကြုံ တွေ့ ကြရသည်။

**(ဓ) ကျား – မ ရေးရာ**

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှု ခေါင်းဆောင်မှုမရှိသေးပါ။လူထုမှရွေးချယ်တင်မြှောက်ကြသော်လည်း အမျိုးသမီးများ မိမိကိုယ်မိမိယုံကြည်မှုအားနည်းနေသေးသောကြောင့် တာဝန်ယူနိုင်ခြင်းမရှိသေးပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ထုတ်ကုန်လုပ်ငန်းနှင့် ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းများ တွင် အမျိုးသားနှင့် အမျိုးသမီးလုပ်အားခတန်းတူရကြပြီး ကျွမ်းကျင်မှုကို အခြေခံသော ဆောက်လုပ်ရေးလုပ်ငန်းတွင် အမျိုးသားနှင့် အမျိုးသမီး လုပ်အားခတန်းတူမရကြပါ။ ၎င်းလုပ်ငန်းများအနက် ဆောက်လုပ်ရေးလုပ်ငန်းသည် လုပ်အားခ ဝင်ငွေ အများဆုံးဖြစ်ပြီး အမျိုးသား တစ်ရက်လုပ်အားခ ၇၀၀၀ ကျပ်အထိနှင့် အမျိုးသမီးများ တစ်ရက် လုပ်အားခ ၅၀၀၀ ကျပ်အထိရကြသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခ သိသာစွာ ခွဲခြားမှုမရှိဘဲ တန်း တူ ရသည်ဟု ဆိုနိုင်ပါသည်။

**၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။ ကျေးရွာခန်းမဆောင် | ၁ |
| ၂ | ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ အထက်တန်းကျောင်း အုတ်တံတိုင်းကာရံခြင်း | ၂ |
| ၃ | လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း | ၁။ကျေးရွာစာကြည့်တိုက်ထူထောင်ခြင်း | ၃ |
| ၄ | လမ်းတံတားနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ရွာတွင်းလမ်းပြုပြင်ခြင်း/အဆင့်မြှင့်တင်ခြင်း<br>၂။ ချောင်းကူးတံတားအဆင့်မြှင့်တင်ခြင်း | ၁<br>၄ |
| ၅ | အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။ အလှပြင်သင်တန်း<br>၂။ စက်ချုပ်သင်တန်း<br>၃။ ဆိုင်ကယ်၊ ကား စက်ပြင်သင်တန်း<br>၄။ ပန်းအလှပြင်သင်တန်း<br>၅။ လက်သမား/ပန်းရံသင်တန်း | ၅ |

**နောက်ဆက်တွဲ (၁)**

**ဖွံ့ဖြိုးရေးဗျူဟာ ဇယား**

| ပြဿနာ | **ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်** | **ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ** | **ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ** | **ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ** | **ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း** |
|---|---|---|---|---|---|
| **၁။ ကဏ္ဍ-အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှု** | | | | | |
| ကျေးရွာရှိအဖွဲ့ အစည်းများ စွမ်းဆောင်ရည်အားနည်းသည်။ | ခေါင်းဆောင်တစ်ဦး တည်းကသာ ဆုံးဖြတ်ချက်ချမှတ်ပြီး ကျန်ရွာသူ/သားများက လိုက်လုပ်နေရခြင်း။ အဖွဲ့အစည်းဆိုင်ရာအခြေခံသဘောတရားနှင့် ဆိုင်သော ဗဟုသုတ အားနည်းခြင်း | ကျေးရွာတွင်ကျေးရွာ၏ဖွံ့ဖြိုးရေးကို သီးခြားစီးတာဝန်ခွဲလုပ်ကိုင်နေကြသော အဖွဲ့အစည်းများစွာရှိ သည်။ | | | **အဖွဲ့အစည်းဆိုင်ရာ စီမံ ခန့်ခွဲမှု ဖွံ့ဖြိုးရေး သင်တန်း များ**<br>၁။ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်တင်မှု သင်တန်း |
| **၂။ ကဏ္ဍ - ပညာရေး** | | | | | |
| စာသင်ကျောင်းလုံခြုံမှုမရှိခြင်း | ခြံစည်းရိုးများမကောင်း၍ ပျက်စီးခြင်း | ကျေးရွာတွင်းမှ သဲရရှိနိုင် | ကျောင်းရန်ပုံငွေမရှိခြင်း | ပညာရေးဌာနသို့ အခက်အခဲ များ တင်ပြခြင်း။ | **ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း**<br>၁။ စာသင်ကျောင်း အုတ်တံတိုင်းကာရံခြင်း |

| | | | | | |
|---|---|---|---|---|---|
| **၃။ ကဏ္ဍ– လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း** | | | | | |
| စာပေအသိ ပညာဗဟုသုတလွန်စွာအ ားနည်းခြင်း | စာကြည့်တို က်မရှိခြင်း | ဆောက်လုပ်ရန်မြေနေရာ ရှိ | ကုန်ကျစရိ တ်မတတ် နိုင်ခြင်း | လေ့လာသင်ယူနိုင်မည့် အစီအ စဉ်များထားရှိခြင်း | **လူငယ်ဖွံ့ဖြိုးရေး စီမံကိန်း** ၁။စာကြည့်တိုက်ထူထောင်ခြင်း |
| **၄။ ကဏ္ဍ – လမ်းတံတားနှင့် အခြေခံအဆောက်အဦးများဖွံ့ဖြိုးရေးစီမံကိန်း** | | | | | |
| ကျေးရွာတွင် လမ်းများပျက် စီးခြင်း | မိုးရေများဝပ်၍ ရေအိုင်ပြီး ကျောင်းသားများ သွားလာရခက်ခဲခြင်း | ကွန်ကရစ်လမ်းခင်းရန် ကျေးရွာတွင်းသဲများရရှိ နိုင်၊ရွာမှလုပ်အားရရှိနိုင် | ကုန်ကျစရိတ်မတတ် နိုင်ခြင်း | ကျေးလက်ဦးစီးဌာနသို့ တင်ပြ အကူအညီတောင်း ခံခြင်း | ရွာတွင်းကွန် ကရစ် လမ်းခင်းခြင် း |
| ချောင်းကူးတံ တားမှာ ပျက်စီးလာခြ င်း | မိုးရာသီတွင် တောင်ကျရေများ လျှံသဖြင့် လက်တွန်းထွန်စက်ငယ် များ ကူးရန်ခက်ခဲခြင်း | ကွန်ကရစ်တံတားခင်းရန် သဲ ဒေသအတွင်း အလွယ် တကူ အလုံ လောက် ရရှိနိုင်၊ကျေးရွာမှလုပ်အား ရရှိနိုင်သည်။ | ကွန်ကရစ်တံတားခင်းရ န် ငွေ ကြေး မတတ် နိုင်ကြ ပါ။ | ကျေးရွာမြစိမ်းရောင် အတိုးရငွေဖြင့် ဆောင်ရွက်နိုင်ရေး၊ပြင်ပအလှူရှင်ပုဂ္ဂို လ်များဖြင့်လည်းကောင်း၊လွှတ်တော်ဆ င်း/လျော့ရန်ပုံငွေဖြင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်ရန် | ချောင်းကူး တံတားအ ဆင့်မြှင့်တင် ခြင်း |
| **၅။ ကဏ္ဍ– အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ ဖြိုးရေးစီမံကိန်း** | | | | | |
| ကုန်ထုတ်လုပ် မှုနှင့် မိသားစု တစ်ပိုင်တစ်နို င် ဝင်ငွေနည်းပါး ခြင်း | အသက်မွေးဝမ်းကျောင်း နည်းပညာ ဖွံ့ ဖြိုးမှု အားနည်း သည်။ | နည်းပညာသင်ယူရန် လူ့အရင်းအမြစ်ရှိခြင်း၊အ သက်မွေးဝမ်းကျောင်း နည်းပညာ ပံ့ ပိုးပေးသော ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ ဒေသအတွင်း ရှိသည်။ | သင်တန်းတက်ရောက်ရန် ကုန်ကျမှု ငွေကြေးမတတ် နိုင် ကြပါ။ | ကျေးလက်ဦးစီးဌာနမှတ ဆင့် စိုက်ပျိုးရေးဌာနသို့ တင်ပြ အကူအညီတောင်း ခံခြင်း | ၁။ အလှပြင်သင်တန်း<br>၂။ စက်ချုပ်သင်တန်း<br>၃။ ဆိုင်ကယ်၊ ကား စက်ပြင်သင်တန်း<br>၄။ ပန်းအလှပြင်သင် တန်း<br>၅။ လက်သမား/ ပန်းရံသင်တန်း |

**လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၂၅ ဇယား)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၁၀ | ၁၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၁ | ၂၀ | ၃၁ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၇ | ၁၈ | ၃၅ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၃ | ၂၄ | ၄၇ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၃၂ | ၁၁၀ | ၂၄၂ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၀ | ၆၀ | ၈၀ |
| **စုစုပေါင်း** | | **၂၀၉** | **၂၄၂** | **၄၅၁** |
| **စုစုပေါင်း အိမ်ထောင်စု (၂၈၉)အိမ်** | | **တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၄.၇၅** | | |

**ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၂၈၉ ရှိပြီး လူဦးရေပေါင်း ၄၅၁ (ကျား ၂၀၉ + မ ၂၄၂) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၄.၇၅ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော ၅ ယောက်နှုန်းထက် နည်းသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း၁၆ ဦး၊ ၂.၁% သာရှိသဖြင့် ယခုနှစ်များတွင် မွေးဖွါးနှုံး ကျဆင်းလာနေသည်ကိုတွေ့ရသည်။ ၅ နှစ်အောက်ကလေး **၃၁** ဦး **(၅.၄၆%)** ရှိသည်ကို သိရှိခြင်းအားဖြင့် ကာကွယ်ဆေးထိုးရမည့် ကလေး အရေအတွက်ကို အတိအကျ သိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တွက်ချက်နိုင်မည်။ မူလတန်းအရွယ် ကလေး ၃၅ ဦး (ကျား ၁၇+မ၁၈) နှင့် အလယ်တန်းကျောင်း သားအရွယ် ၄၇ ဦး (ကျား ၂၃+မ ၂၄) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေး တိုင်းကျောင်းနေ နိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ် ၂၄၂(ကျား ၁၃၂+ မ ၁၁၀)၊ (၆၆.၁၂%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ အသင့်အတင့်များ ပြားသည်ကို တွေ့ရသည်။ ၎င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာ အ ထောက် အကူဖြစ်မည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး ၁၄ ဦး (ကျား ၄+မ ၁၀) ဦး (၃.၈၂%) ရှိသည်။ ကျေးရွာတွင် ကျန်းမာရေးကောင်းမွန်သည်ကို တွေ့ရသည်။

## (၂) သဘာဝရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂-၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၆၆ | ကောင်း ☐ သင့်☒ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၂၁.၅ | ကောင်း ☐ သင့်☒ ညံ့☐ |
| ဥယျာဉ်ခြံမြေ | | |
| ကိုင်း/ကျွန်းမြေ | | |
| ဓနိတောမြေ | | |
| စားကျက်မြေ | | |
| မြေလွတ် မြေလပ် | | |
| **စုစုပေါင်း** | **၃၈၇.၅** | |

**ရင်းမြစ်** ... (၁) **ဆယ်အိမ်စုဆွေးနွေးပွဲ၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊** (၃) **လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊** (၄) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် လယ်၂၆၆ ဧက၊တောင်ယာမြေ ၂၁.၅ ရှိသည်။စိုက်ပျိုးရေးအတွက်ချောင်းရေကိုသာ အဓိကထားအသုံးပြုနေရပါသည်။မြေဆီလွှာအသင့်အတင့်ရှိသည်။

### (၂-၂) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **အသုံးချနိုင်မှု** (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |
| ဓါတ်သတ္တု(သတ္တုကျောက်မျက်၊ ကျောက်၊ သဲ၊ ကျောက်စရစ်) စသည်များ | သဲ (သင့်) | လွယ် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝ အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက်အသုံးဝ | သင့် | လွယ် |

| **အမျိုးအစား** | **ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ)** | **အသုံးချနိုင်မှု**<br>(လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| င်သော) | | |
| **ပျှမ်းမျှအပူချိန်** | **ပျှမ်းမျှမိုးရေချိန်– ၆၀· မှ ၈၀·** | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာသည် ချောင်းဘေးတွင်ရှိသောရွာဖြစ်သဖြင့် သဲ၊ ကျောက်များကို အလွယ်တကူရရှိနိုင်ပါသည်။သို့သော်ကျောက်ကြီးများကိုအလွယ်တကူ မရနိုင်သဖြင့် အခြားဒေသများမှ ဝယ်ယူရသည်။ ရွာ၏ ပတ်ဝန်းကျင်တောင်များမှ တောဝက်၊ တောကြောင် နှင့် ဂျီများကိုလည်း ရံဖန်ရံခါ တွေ့မြင်ရရှိပါသည်။ အပင်မျိုးစိတ်များအနေဖြင့် လူနှင့် တိရိစ္ဆာန်တို့အတွက် အလွန်အသုံးဝင်သော ဆင်တုံးမနွယ်ပင်၊ ဆင်မနို့နွယ်စသော အပင်များကိုလည်း ရရှိနိုင်သည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | ၁☐ ၂☐ ၃☒ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အသင့်အတင့်ရှိ |
| ၂ | လူငယ်အဖွဲ့ | ၁☐ ၂☐ ၃☒ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ် | အဖွဲ့ဝင်(၂၀)နှင့်အထက်ရှိပြီး စွမ်းဆောင်ရည်အသင့်အတင့်ရှိ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | ရေး ☐ | |
| ၃ | ကျောင်းကော်မတီ | ၁☐ ၂☐ ၃☒ | ပညာရေး ☒ ငွေကြေး☒<br>ကျန်းမာရေး ☐<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |
| ၄ | မိခင်နှင့်ကလေးကျန်းမာရေး | ၁☐ ၂☐ ၃☒ | ပညာရေး ☐ ငွေကြေး<br>ကျန်းမာရေး☒<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |
| ၅ | မြစိမ်းရောင် | ၁☒ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး☒<br>ကျန်းမာရေး ☐<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |
| ၆ | ဖြိုးထက်ခိုင်သမဝါယမ | ၁☒ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး☒<br>ကျန်းမာရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | အဖွဲ့ | | ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၇ | ပေါ်ခိန်မယ်ခိန်အဖွဲ့ | ၁☐ ၂☐ ၃☒ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး ☐<br>ဘာသာရေး☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |
| ၈ | အမျိုးသမီးရေးရာ | ၁☐ ၂☐ ၃☒ | ပညာရေး ☐ ငွေကြေး<br>ကျန်းမာရေး☒<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |
| ၉ | ရပ်မိရပ်ဖအဖွဲ့ | ၁☐ ၂☐ ၃☒ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုး | အဖွဲ့ဝင်(၁၇)ဦးရှိပြီး စွမ်းဆောင်နိုင်မှု အသင့်အတင့်ရှိ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | ရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

**(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

**(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

**(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်း အဖွဲ့ပေါင်း(၁၃) ဖွဲ့ရှိပြီး စီးပွါးရေးကို အခြေခံသောအဖွဲ့ ၂ဖွဲ့ရှိပြီး လူမှုရေးနှင့် ဘာသာရေးပူးတွဲလုပ်နေသောအဖွဲ့ ၇ ဖွဲ့ရှိသည်။ ၄င်းအဖွဲ့များကို သုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့ကိုယ်တိုင် လိုအပ်ချက်အရ ဖွဲ့စည်းသော အဖွဲ့များသည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည် နိုင်ကြသည်။ ပြင်ပမှ လုပ်ငန်းလိုအပ်ချက်အရဖွဲ့စည်းခဲ့သော အဖွဲ့များရှိသော်လည်း တာဝန်ယူမှု တာဝန်ခံမှု၊ အပြန်အလှန်ယုံကြည်မှု အားနည်းသည်။ လုပ်ငန်းစွမ်းဆောင်မှုလည်းအားနည်းသည်။ ရေရှည်ရပ်တည်နိုင်မှုမ ရှိကြပါ။

## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၄–၁) ဥစ္စာဓနအဆင့်အခြေအနေ

**ဇယား (၅)** ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | **၁၀၉ကေ** | **၉၁ကေ** | **၁၂၇ကေ** | ၅၆.၅ကေ |
| အိမ်အခြေအနေ | **တိုက်ခံ/သွပ်မိုး** | **ပျဉ်ထောင်/သွပ်မိုး** | **သွပ်မိုး/ထရံကာ** | **သွပ်မိုး/ထရံကာ** |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | – | – | – | – |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |
| အဓိကစီးပွားရေး လုပ်ငန်း | **လယ်ယာ(ကပ)** | **လယ်ယာ(ကပ)** | **လယ်ယာ(လသ)** | **လယ်ယာ(လသ)** |
| **အိမ်ထောင်စု (၁၅၆)** | ၁၂ | ၁၃ | ၂၄ | ၂၈ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။နားလုံကျေးရွာတွင် အိမ်ခြေ ၇၇ အိမ်ရှိပြီး အဆင့် ၁ (၁၂) အိမ် ( ၁၅.၅ %)၊ အဆင့် ၂ (၁၃)အိမ် ( ၁၆.၈၃%)၊ အဆင့် ၃ (၂၄) အိမ် (၃၁.၁၆%)နှင့် အဆင့် ၄ (၂၈) အိမ် (၃၆.၆%) ရှိသည်။စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်းပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မဆိုင်သောပစ္စည်းများပိုင်ဆိုင်မှုသည်ကျေးရွာစီးပွါးဥစ္စာခနအဆင့်ခွဲရာတွင် အဓိကအရေးပသည်ကိုတွေ့ရသည်။ ကျေးရွာတွင် အဆင့် ၁ နှင့် အဆင့် ၂ အိမ်အရေအတွက်မှာ နည်းပြီး ၇၇ အိမ်ထောင်စုအနက် (၂၆) အိမ် သာ ရှိသော်လည်းပိုင်ဆိုင်မှုအနေဖြင့် များပြားစွာ ပိုင်ဆိုင်ကြပြီး ဝမ်းစာဖူလုံကြသော်လည်း အဆင့် (၃) အဆင်မပြေနှင့်အဆင့်(၄)အလွန်အဆင်မပြေအိမ်ထောင်စု အရေအတွက်မှာ ၇၇ အိမ်အနက် ၅၂အိမ်ရှိသည်။ အရေအတွက်များသော်လည်း ပိုင်ဆိုင်မှုမှာ အလွန်နည်းပြီးဝမ်းစာဖူလုံမှုမရှိကြပါ။ ထို့ကြောင့် အများစုဖြစ်သော အဆင့် ၃ နှင့် အဆင့် အိမ်ထောင်စုများသည် အဆင့် ၁ နှင့် အဆင့် ၂ အိမ်များသို့ ကျပမ်းသွားရောက် လုပ်ကိုင်ကြရသော်လည်း ပုံမှန်အလုပ်အကိုင်မရှိ၊ လုပ်အားခမှာလည်း အလွန်နည်းသောကြောင့် ပြင်ပ(ပြည်တွင်း/ပြည်ပ)သို့ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်စားသောက်ကြရသည်။

## (၄-၂) သီးနှံထုတ်လုပ်ရေး

## (၄-၂) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၆) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၅၄ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | **၁၀** | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေ ကြား | **၂၀** | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | **၁၃** | တောင်သူလတ် |
| ၅ | ၁၂.၅ ကေ အထက် | **၂** | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | ၉၉ | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မြေယာမဲ့ ၅၄ အိမ်၊ ဆင်းရဲသားတောင်သူ ၁၀အိမ်၊ တောင်သူငယ် ၂၀ အိမ်၊ တောင်သူလတ် ၂ အိမ်နှင့် တောင်သူကြီး ၁၃ အိမ်ရှိသည်။ မြေယာမဲ့၊ ဆင်းရဲသားတောင်သူနှင့် တောင်သူငယ်သည် အရေအတွက်အားဖြင့် (၈၉) ဦးရှိသော်လည်း မြေယာပိုင် ဆိုင်မှုမှာ နည်းပြီး တောင်သူလတ်နှင့် တောင်သူကြီးမှာ အရေအတွက်မှာ (၂၅) အိမ်သာရှိပြီး နည်းသော်လည်း မြေယာပိုင်ဆိုင်မှု အလွန်များသည်ကို တွေ့ရသည်။ မြေယာပိုင်ဆိုင်မှု မညီမျှမှုရှိကြောင်းတွေ့ ရသည်။

## (၄-၂-၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| စပါး | ၂၆၆ | တင်း | ၆၀ | ၈၀ | ၇၀ | ဇူလိုင်လ | နိုဝင် | မြင့်☐ လတ်☒ နိမ့်☐ | မြင့်☐ လတ်☒ နိမ့်☐ |
| ပြောင်း | ၁၂၁.၅ | တင်း | ၃၀ | ၇၀ | ၆၀ | ဧပြီလ | ဇွန်/ဇူလိုင်လ | မြင့်☐ လတ်☐ နိမ့်☒ | မြင့်☒ လတ်☐ နိမ့်☐ |

